Special Advisory Council for
MYANMAR

# အာဆီယံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများအား ချိုးဖောက်တော့မည့် အန္တရာယ် ကြုံတွေ့နေရသည်။

နေ့စွဲ ။ ။ ၉၊ မေလ၊ ၂၀၂၂။

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ၏ မြန်မာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးမည့်အစီအစဉ်သည် လူသားချင်းစာနာထောက်ထားသော၊ ဘက်လိုက်ခြင်းကင်းသော၊ ခွဲခြားဆက်ဆံမှုမရှိသော၊ လွတ်လပ်သောစသည့် အခြေခံအကျဆုံး လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမူတို့အား ချိုးဖောက်လျက်ရှိပြီး မြန်မာစစ်အာဏာရှင်၏ စစ်ရေးရည်မှန်းချက်များကို ပိုမိုမြှင့်တင်ပေးလိမ့်မည်ဟု မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီ (SAC-M) က ပြောသည်။ ထိုအစီအစဉ်များကို လက်ရှိ အာဆီယံ ဥက္ကဋ္ဌဖြစ်သော ကမ္ဘောဒီးယားမှ သောကြာနေ့တွင် ကျင်းပခဲ့သည့် ဘုံသဘောတူညီမှုအစည်းအဝေးအပြီး ကြေညာခဲ့သည်။

ထိုဘုံသဘောတူညီမှုအစည်းအဝေး၏ ရလဒ်များတွင် အာဆီယံ၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးစင်တာ (AHA Centre) မှ မြန်မာစစ်အာဏာရှင် သတ်မှတ်ပေးသော နေရာဒေသများသို့ ၎င်းတို့နှင့်အတူ ကူညီထောက်ပံ့မှုများ ပေးအပ်မည့် အစီအစဉ်များ ပါဝင်သည်။

**"အာဆီယံရဲ့အစီအစဉ်နဲ့ လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့တွေပေးဖို့ စစ်ကောင်စီရွေးထားတဲ့ နေရာဒေသတွေက ပြည်သူတွေကို သူတို့လေကြောင်းတိုက်ခိုက်မှုတွေနဲ့ အဆက်မပြတ်တိုက်ခိုက်ခဲ့ပြီး လပေါင်းများစွာ နယ်မြေရှင်းလင်းရေး ပြုလုပ်ခဲ့တဲ့ နေရာတွေဖြစ်တယ်။"** ဟု မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးကောင်စီမှ Marzuki Darusman က ပြောသည်။ **"စစ်ကောင်စီအနေနဲ့က အဲ့ဒီနေရာတွေအပေါ် အာဏာသက်ရောက်ခြင်း မရှိဘူး။ အဲ့ဒီနေရာတွေကို အာဆီယံရဲ့ကူညီထောက်ပံ့မှုတွေကို ဖြန့်ဝေရာမှာထိန်းချုပ်ဖို့ ကြိုးပမ်းတာက သူတို့ရဲ့ စစ်ရေးအစီအစဉ်တွေ ပိုအားကောင်းလာအောင် မြှင့်တင်ဖို့ ဗျူဟာတစ်ခုပဲ ဖြစ်တယ်။"**

**"စစ်ကောင်စီရဲ့ တိုက်ခိုက်မှုတွေခံနေရတဲ့ နေရာဒေသတွေမှာ အလုပ်လုပ်ပေးတဲ့ကူညီကယ်ဆယ်ရေး ဝန်ထမ်းတွေဟာ စစ်ကောင်စီရဲ့ မသာမာတဲ့အကြံအစည်တွေကြားမှာ မရည်ရွယ်ပဲ လူသားဒိုင်း ဖြစ်သွားနိုင်တယ်။"** ဟု Marzuki Darusman က ထပ်လောင်းပြောခဲ့သည်။

မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများအား လိုအပ်နေသူ ၁၄ သန်းရှိပြီး လူပေါင်း ၈ သိန်းခန့်မှာ ပြည်တွင်းနေရပ်စွန့်ခွာနေထိုင်ကြရသည်။ အများစုမှာ စစ်အာဏာရှင်၏တိုက်ခိုက်မှုမှ လွတ်မြောက်ရန် မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက် စစ်ကောင်စီ၏ ထိန်းချုပ်မှုအောက်တွင်မရှိသော နေရာဒေသများတွင် ခိုလှုံရာ ရှာလျက်ရှိသည်။

**"မြေပြင်မှာ လူသားတွေ ရှင်သန်ခွင့်ရအောင် မမောမပမ်းအလုပ်လုပ်နေကြတဲ့ နယ်စပ်ဖြတ်ကျော် အရပ်ဖက်လူမှုအဖွဲ့အစည်းကွန်ရက်တွေ၊ လူမှုအသိုင်းအဝိုင်းနဲ့ ဘာသာရေးအဖွဲ့တွေ၊ တိုင်းရင်းသားလူမှုဝန်ဆောင်မှုပေးတဲ့ အဖွဲ့တွေအတွက် ကပ်ဘေးကျရောက်တာ တစ်နှစ်ကျော်ကြာတဲ့အထိ အာဆီယံအနေနဲ့ ကူညီထောက်ပံ့မှုတွေ မပေးနိုင်ခဲ့ပဲ စစ်တပ်ကထိန်းချုပ်ထားတဲ့ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေး အစီအစဉ်တစ်ခု ဖြစ်လာအောင်**

**စစ်အာဏာရှင်နဲ့ ပူးပေါင်းမှုအပေါ်မှာ အာဆီယံကို ဘာမှချီးမြှောက်နေစရာ အကြောင်းမရှိဘူး။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Yanghee Lee က ပြောသည်။ **“အာဆီယံရဲ့ အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့လည်း စစ်အာဏာရှင် စိတ်အလိုကျစေဖို့အတွက် သူတို့ရဲ့နယ်စပ်ဒေသတွေကို ပိတ်ထားခြင်းက လူသားမဆန်တဲ့ လုပ်ရပ်ဖြစ်တယ်။ ဒါက မြန်မာနိုင်ငံ ကြုံတွေ့ခံစားနေရတဲ့ ဒုက္ခတွေရဲ့ အကြောင်းအရင်းတစ်ရပ်လည်းဖြစ်တယ်။”**

**“မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတွေအနေနဲ့ နယ်စပ်တွေကတဆင့် လူသားချင်းစာနာမှု အထောက်အပံ့တွေ ပေးပို့ရာမှာ ကူညီပေးရမယ့် အပြည်ပြည်ဆိုင်ရာ တာဝန်ဝတ္တရားတွေကို မမေ့ဖို့လိုတယ်။”** ဟု Yanghee Lee က ထပ်လောင်း ပြောခဲ့သည်။

မေလ ၁၂ ရက်နှင့် ၁၃ ရက်နေ့ ဝါရှင်တန်ဒီစီတွင် ကျင်းပမည့် အမေရိကန်(US) နှင့် အာဆီယံတို့အကြား အရေးကြီးသည့် ထိပ်သီးအစည်းအဝေးမကျင်းပမီ တစ်ပတ်အလိုတွင် ထိုအစည်းအဝေးကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော စစ်ကောင်စီဖန်တီးသည့် ကပ်ဘေးအားဖြေရှင်းရန်အတွက် မည်သည့်တိုးတက်မှု တစ်စုံတစ်ရာမျှ လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိဟု ဝေဖန်ခံရလျက်ရှိသည်။ မြန်မာစစ်အာဏာရှင် မင်းအောင်လှိုင်အနေဖြင့် ကမ္ဘောဒီးယား ဝန်ကြီးချုပ်ဟွန်ဆန်အား စစ်အာဏာရှင်နှင့်ချိတ်ဆက်ရန် မှားယွင်းသောကြိုးပမ်းအားထုတ်မှုအတွက် အကြိမ်ကြိမ် အရှက်ရစေခဲ့သည်။

**“မြန်မာနိုင်ငံအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုတွေပေးဖို့ အာဆီယံရဲ့ အစီအစဉ်က အမေရိကန်ကို ပြဖို့အတွက် အချည်းအနှီးသော ကြိုးပမ်းမှု တစ်ရပ်ပဲ။ အာဆီယံအနေနဲ့ အရှေ့တောင်အာရှမှာ အဓိကကျတဲ့ အခန်းကဏ္ဍမှာ တာဝန်ယူထားရတယ်လို့ ပြောလေ့ရှိပေမယ့် ဘုံသဘောတူညီချက်ငါးရပ်ကို လုပ်ဆောင်နိုင်ခြင်းမရှိတာကြောင့် ဒါဟာ ဆီလျော်မှုမရှိဘူးဆိုတာ ဖော်ပြနေတယ်။ ဒီအစည်းအဝေးရဲ့ ရလဒ်ကလည်း ဂုဏ်သိက္ခာရှိတဲ့ ရလဒ်မဟုတ်ဘူး။”** ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီမှ Chris Sidoti က ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးကလည်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်အား ဤအစည်းအဝေးတွင် ပါဝင်တက်ရောက်ခဲ့သည်ဟုဆိုကာ ဤအခြေအနေတွင်းသို့ ဆွဲသွင်းခဲ့သည်။ စင်စစ် သူမ၏ တက်ရောက်မှုအား အာဏာရှင်မှ ပိတ်ပင်ခဲ့သည်။ သူမအနေဖြင့် ဖိတ်ကြားခြင်းခံခဲ့ရသော်လည်း နောက်ပိုင်းတွင် ဖိတ်ကြားခြင်းအား ပယ်ဖျက်ခဲ့သည်။ ဤအခြေအနေတွင် အာဆီယံအပေါ် ယုံကြည်စိတ်ချက်နိုင်မှု မရှိသလောက်ဖြစ်နေသည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီက ပြောသည်။

အာဆီယံအား လူသားချင်းစာနာထောက်ထားသော၊ ဘက်လိုက်ခြင်းကင်းသော၊ ခွဲခြားဆက်ဆံမှုမရှိသော၊ လွတ်လပ်သော စသည့် အခြေခံအကျဆုံးလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေခံမှုများအား လိုက်နာရန် မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး ကောင်စီမှ တောင်းဆိုလိုက်သည်။ အာဆီယံအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နယ်စပ်ဖြတ်ကျော်နိုင်သော ပေါင်းကူးစကြိုများ ချက်ချင်းဖွင့်ပေးရန်နှင့် လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်ကမှ ၄င်းတို့ ကတိကဝတ် ပြုထားသည့် ကူညီထောက်ပံ့မှုများအား ပြမန်မာပြည်သူများထံသို့ ပေးပို့ရန်အတွက် အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများနှင့် ဒေသခံအဖွဲ့အစည်းများအပါအဝင် အခြားသင့်လျော်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်သေချာစွာလုပ်ဆောင်ရမည်။ အကယ်၍ ထိုသို့လုပ်ဆောင်ရန် ပျက်ကွက်ပါက ၄င်းတို့အနေဖြင့် အခြားသောကူညီဆောင်ရွက်ပေးလိုသူများအတွက် နေရာဖယ်ပေးရမည်။